# ၁၉၅၇ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

**၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။**

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်း ကျပ်ငွေ ၁,၅၆,၉၁,၅၆၀ (ဤအက်ဥပဒေ၏ဇယားတွင်ဖော်ပြထားသည်) ကို ထုတ်၍၊ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ(၁)တွင် ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၇ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၇) အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

**၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ် အတွက် ငွေချေးယူခြင်း။**

၂။ ။(၁) ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ်အတွင်း၊ စုစုပေါင်းကျပ်ငွေ ၁,၂၀,၀၀,၀၀,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရ ငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်ကလည်း ထိုနှစ်အတွင်း ထိုငွေများကို ဘဏ္ဍာရေးဝန်ကြီးအား၊ ထုတ်ချေးရမည်။ ထိုကဲ့သို့ ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များထား၍၎င်း၊ အာမခံစာချုပ်များ ပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသောငွေအားလုံးကို၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရ၊ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ငွေချေးယူခြင်းသည်၊ ၁၉၅၆ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၄) အရ၊ ခွင့်ပြုထားသည့်ငွေချေးယူခြင်းအပြင်၊ နောက်ထပ် ငွေချေးယူခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

အတိုး—၁၀ ပြား]

# ဇယား။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
| --- | --- |
| | ကျပ်။ |
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော် ... ... | ၄၃,၄၀၀ |
| မြေခွန်တော် ... ... ... | ၁,၂၈,၈၄၀ |
| သစ်တော ... ... ... | ၁၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ ... ... | ၅,၅၅,၉၂၀ |
| စာပို့တိုက်နှင့်ကြေးနန်း ... ... ... | ၀၀ |
| အတိုးနှင့်ကြွေးမြီ ... ... ... | ၁၇,၄၆,၀၀၀ |
| စာရင်းစစ် ... ... ... | ၂,၂၁,၄၅၈ |
| တရားရေး ... ... ... | ၂,၅၀,၉၃၀ |
| အကျဉ်းထောင်များ ... ... ... | ၇,၃၄,၃၀၀ |
| ရဲအဖွဲ့ ... ... ... | ၄၀,၀၉,၃၀၀ |
| သာသနာရေးကိစ္စများ ... ... ... | ၆၄,၃၀၀ |
| နိုင်ငံခြားရေး ... ... ... | ၈,၈၉,၉၆၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး ... ... | ၆၀ |
| အထွေထွေဌာနများ ... ... ... | ၇,၆၈,၀၀၀ |
| မြို့ပြဆိုင်ရာ လုပ်ငန်းများ ... ... ... | ၁၂,၀၀,၂၄၀ |
| ပင်ရှင်လစာငွေများ ... ... ... | ၃၃,၀၄,၁၅၁ |
| အထွေထွေ .. ... ... | ၇၇,၇၂၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ ... ... | ၁၀ |
| စာပို့တိုက်နှင့် ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၄၃,၉၅၀ |
| ရဲအဖွဲ့အတွက် မ,တည်ငွေရင်း ... ... ... | ၁၀,၆၃,၇၃၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေးအတွက် မ,တည်ငွေရင်း ... | ၅,၀၀,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း ... ... | ၁၅,၀၀၀ |
| အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်းတွင် အစုရှယ်ယာများ ဝယ်ယူထည့်ဝင်ခြင်းအတွက် မ,တည်ငွေရင်း ... .. | ၂၀၀ |
| ပေါင်း ... | ၁,၅၆,၉၈,၅၆၀ |

ပ၊မ၊ဗ၊စ၊ အမှတ် ၃၆၅၊ တရားရေးဝန်ကြီးဌာန၊ ၃-၂-၅၈—၂,၂၀၀—၂။